www.amnesty.org

HUMAN RIGHTS IN ASIA: REVIEW OF 2019

၂၀၂၀ ဇန်နဝါရီ ၃၀    Index: ASA 16/1774/2020

# မြန်မာ

**ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်**
အစိုးရအဖွဲ့ အကြီးအကဲ- **နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်**

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် စစ်ရာဇဝတ်မှုများ အပါအဝင် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို မြန်မာစစ်တပ်မှ ကျူးလွန်ခဲ့ပါသည်။ ၂၀၁၇ ဩဂုတ်လ အစပိုင်းက ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးသွားကြသော ရိုဟင်ဂျာ အမျိုးသား၊အမျိုးသမီး၊ကလေး လူပေါင်း ၇၄၀၀၀၀ တို့ ဂုဏ်သိက္ခာရှိရှိနှင့် ၎င်းတို့ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာ နေရပ်ပြန်လာနိုင်ရေးနှင့်ပတ်သက်၍ အစိုးရအနေဖြင့် လိုအပ်သော အခြေအနေများဖန်တီးရာတွင် တိုးတက်မှုများ မရရှိသေးပါ။ ရခိုင်ပြည်နယ်တွင်ကျန်ရှိနေသော ရိုဟင်ဂျာများမှာလည်း အပါသိုက်စနစ်ကဲ့သို့သောလူမျိုးရေးခွဲခြားမှု အနေအထားအောက်တွင် နေထိုင်နေရပါသည်။ လွပ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်တို့အပေါ်တွင်လည်း ကန့်သတ်မှုများ ဆက်လက်ရှိနေဆဲဖြစ်ပါသည်။ အာဏာပိုင်များသည် စိတ်ထင်သလိုဖမ်းဆီးခြင်းများ၊ လူ့အခွင့်အရေးကာကွယ်သူများနှင့် အခြားငြိမ်းချမ်းစွာလှုပ်ရှားသူများကို ဖမ်းဆီးထိန်းသိမ်းခြင်းများအား ဆက်လက်ပြုလုပ်နေဆဲဖြစ်ပါသည်။ နိုင်ငံတကာဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှုမြောက်သည့် ချိုးဖောက်မှုများနှင့် ရာဇဝတ်မှုများကို ကျူးလွန်သူများမှာလည်း အရေးယူမှုများမှ ကင်းလွတ်နေဆဲဖြစ်ပါသည်။

## နောက်ခံသမိုင်း

မြန်မာစစ်တပ် က နိုင်ငံ၏ကြီးမားသော နိုင်ငံရေး၊ စီးပွားရေးဩဇာ ကိုင်စွဲထားဆဲဖြစ်ပါသည်။ ဖေဖော်ဝါရီလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(အန်အယ်ဒီ) ဦးဆောင်သည့် အစိုးရက၂၀၀၈ဖွဲ့စည်းပုံပြင်ဆင်ရေး ဥပဒေကြမ်းရေးဆွဲရေး ကော်မီတီသစ်ကို ကြေညာဖွဲ့စည်းခဲ့ပါသည်။ သို့သော် ဒီနှစ်ကုန်အထိ မည်သည့်တိုးတက်မှုမှ မရှိသေးပါ။ ရလဒ်မထွက်နိုင်ဖြစ်နေသည့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်မှာလည်း ရပ်တန့်နေဆဲဖြစ်ပါသည်။ စက်တင်ဘာ ၂၇ရက်နေ့တွင် မြန်မာနိုင်ငံသည် လက်နက်ကိုင် ပဋိပက္ခတွင်ကလေးသူငယ်များ ပါဝင်မှုနှင့်ပတ်သက်သည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း၏နောက်ဆက်တွဲစာချုပ်ကို အတည်ပြုခဲ့သည်။

## ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ

ဇန်နဝါရီလမှ စတင်၍ ရခိုင်ပြည်နယ်တွင် မြန်မာစစ်တပ် နှင့် ရခိုင်တိုင်းရင်းသားလက်နက်ကိုင်တပ်တို့အကြား တိုက်ပွဲများ ပိုမိုများပြားလာခဲ့သည်။ မြန်မာစစ်တပ် ကအရပ်သားများအပေါ်တွင် တရားလက်လွတ်တိုက်ခိုက်ခြင်းများ၊ စိတ်ထင်သလို ဖမ်းဆီးခြင်းများ၊ ဆိုးရွားသည့်ချိုးဖောက်မှုများ၊ နှိပ်စက်ညှင်းပန်းခြင်းနှင့် အခြားဆိုးရွားသည့်လုပ်ရပ်များလုပ်ခြင်း၊ အစဖျောက်ခြင်း၊ တရားလက်လွတ်သတ်ဖြတ်ခြင်းများ၊ အဓမ္မအလုပ်စေခိုင်းခြင်းများအပါအဝင်၊ ဆိုးရွားသည့်ချိုးဖောက်မှုများ ကျူးလွန်ခဲ့ပါသည်။ ချိုးဖောက်မှုအများစုတို့မှာ စစ်ရာဇဝတ်မှုမြောက်ပါသည်။[၁] ရခိုင်လက်နက်ကိုင်တပ်ဖွဲ့သည်လည်း အရပ်သားများကို ထင်သလို

ဖမ်းဆီးထိန်းသိမ်းခြင်း၊ ခြိမ်းခြောက် ကြောက်လန့်စေခြင်းအပါအဝင် ချိုးဖောက်မှုများစွာအတွက် တာဝန်ရှိပါသည်။ ဇွန်လတွင် အာဏာပိုင်များက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ ပဋိပက္ခ ဖြစ်ပွားရာ ဒေသကိုးခုအတွင်းအင်တာနက်အဆက်အသွယ် ဖြတ်တောက်ထားခြင်းမှာလည်း အရပ်သားများ၏လုံခြုံရေးအတွက် အထူးစိုးရိမ်စရာဖြစ်ပါသည်။[2] ဖြတ်တောက်မှုကို သြဂုတ်လနှောင်းပိုင်းတွင် အချို့သောဒေသတို့တွင် ပြန်လည်ဖွင့်ပေးခဲ့သော်လည်း ကျန်ဒေသတို့တွင် ဤနှစ်ကုန်သည်အထိ ပြတ်တောက်နေခဲ့သည်။

အရပ်သားများမှာလည်း ရှမ်းပြည်မြောက်ပိုင်းတွင် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများ၏ ဒဏ်ကို ဆိုးရွားစွာခံစားနေကြရပါသည်။[3] စိတ်ထင်သလိုဖမ်းဆီးခြင်း၊ စစ်စခန်းများတွင် ရပ်ရွာမိသားစုနှင့် သတင်းအစအနပျောက် အဆက်အသွယ်ဖြတ်တောက် ထိန်းသိမ်းထားခြင်း၊ နှိပ်စက်ညှင်းပန်းခြင်းနှင့် အခြားဆိုးရွားသည့်လုပ်ရပ်များတို့နှင့် တရားလက်လွတ်တိုက်ခိုက်မှုများ အပါအဝင် စစ်ရာဇဝတ်မှုများနှင့် အခြားသော ကြီးမားသည့် ချိုးဖောက်မှုများအတွက် တပ်မတော်မှာ တာဝန်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း အရပ်သားများအပေါ်တွင် ပြန်ပေးဆွဲခြင်းများ၊ နှိပ်စက်ညှင်းပန်းခြင်းနှင့် အခြားဆိုးရွားသည့်လုပ်ရပ်များ၊အဓမ္မအလုပ်စေခိုင်းခြင်း၊ ငွေညှစ်ခြင်းအပါအဝင် ဆိုးရွားသည့် ချိုးဖောက်မှုများကို ကျူးလွန်ကြပါသည်။[4] သြဂုတ်လတွင် တပ်မတော် တပ်စခန်းများနှင့် အခြားဒေသများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သုံးဖွဲ့တို့မှ ဝင်ရောက်တိုက်ခိုက်ပြီးနောက် တိုက်ပွဲများသိသာစွာ များပြားခဲ့သည်။ ဤဖြစ်ရပ်ကြောင့် အရပ်သားများ နောက်ထပ် နေရပ်စွန့်ခွာထွက်ပြေးမှုများဖြစ်ပွားစေပြီး တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဖက်စလုံးမှ ဆိုးရွားသည့် နောက်ထပ်ချိုးဖောက်မှုများလည်း ထပ်မံဖြစ်ပွားစေပြန်ပါသည်။[4] ကချင်ပြည်နယ်တွင် ကြီးမားသည့် တိုက်ပွဲများမရှိသော်လည်း အရပ်သားများမှာ တပ်မတော်၏ထင်သလိုဖမ်းဆီးခံရခြင်းများ၊ နှိပ်စက်ညှင်းပန်းခြင်းနှင့် အခြားဆိုးရွားသည့်လုပ်ရပ်များတို့နှင့် ရင်ဆိုင်နေကြရဆဲဖြစ်ပါသည်။

## ရိုဟင်ဂျာများ၏ အခြေအနေ

ရခိုင်ပြည်နယ်အတွင်း ဆက်လက်နေထိုင်လျက်ရှိသည့် ခြောက်သိန်းခန့်ရှိသည့် ရိုဟင်ဂျာများအပေါ် လူသားများအပေါ်ဆိုးရွားစွာချိုးဖောက်သည့် ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်နေဆဲဖြစ်သည်။ တန်းတူညီမျှရေး၊ လူမျိုးစုအဖြစ်တည်ရှိခွင့်၊ လွတ်လပ်စွာသွားလာခွင့်၊ လုံလောက်သော ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိခွင့်စသည့် အခွင့်အရေးများ ပုံမှန်ချိုးဖောက်ခံနေရသည်။ နေအိမ်များမှ အဓမ္မစွန့်ခွာထွက်ပြေးခဲ့ရပြီးသည့်နောက် ရိုဟင်ဂျာအများစုပါဝင်သည့် လူပေါင်း ၁၂၈၀၀၀ ခန့်မှာ ရခိုင်ပြည်နယ်အတွင်းရှိ ဆိုးရွားသော ထိန်းသိမ်းရေးစခန်းများတွင် ဆက်လက်နေနေရဆဲဖြစ်ပြီး ၄င်းတို့၏ ရှင်သန်ရေးအတွက် လူသားချင်းစာနာမှု အထောက်အကူများအပေါ်တွင် မှီခိုနေရဆဲဖြစ်သည်။

အစိုးရအနေနှင့်လည်း ၂၀၁၇ ခုနှစ်နှင့် ယင်းမတိုင်မီနှစ်များက ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများအတွင်း မြန်မာနိုင်ငံမှ ထွက်ပြေးသွားခဲ့ရသော သိန်းပေါင်းများစွာရှိသည့် ရိုဟင်ဂျာများ နေရပ်ပြန်လာနိုင်ရေးအတွက် လိုအပ်သော အခြေအနေများကို ဖန်တီးပေးရန် အဓိပ္ပါယ်ပြည့်ဝသည့် ဆောင်ရွက်မှုများ လုပ်ဆောင်ပေးရန် ပျက်ကွက်ခဲ့ပါသည်။ အစိုးရက မည်သို့ပင်ပြောဆိုနေစေကာမူ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုလုံးဝ မရှိခဲ့ပါ။ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်း လုပ်ကိုင်ပေးနေသူများနှင့် လွတ်လပ်သောသတင်းမီဒီယာသမားများ သွားရောက်မှုကိုလည်း တင်းတင်းကျပ်ကျပ် ကန့်သတ်ထားဆဲဖြစ်ပါသည်။

ပဋိပက္ခများကြောင့် အရပ်သားပေါင်းသောင်းချီ၍ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရပါသည်။ ရခိုင်ပြည်နယ်အတွင်းတွင် မြန်မာ့တပ်မတော်နှင့် ရခိုင့်တပ်တော် အေအေတို့၏ တိုက်ပွဲများကြောင့် လူပေါင်း သုံးသောင်းကျော် နေအိမ်များမှ ထွက်ပြေးခဲ့ရသည်။ ရှမ်းပြည်မြောက်ပိုင်းတွင်လည်း တိုက်ပွဲများကြောင့် လူပေါင်းထောင်ချီ၍ နေရပ်ကို စွန့်ခွာခဲ့ရသည်။ လူအတော်များများမှာ မကြာခဏဆိုသလို  အချိန်တိုဖြစ်စေ မိမိတို့နေရပ်ကို စွန့်ခွာထွက်ပြေးခဲ့ကြရသည့်အတွက် ၄င်းတို့၏ သက်မွေးဝမ်းကျောင်းမှုကို ထိခိုက်၍ ရေတို ရေရှည်စားနပ်ရိက္ခာဖူလုံမှုကိုလည်း ထိခိုက်စေပါသည်။ ယင်းသို့ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရမှုများမှာ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုရပိုင်ခွင့်နှင့် သက်မွေးဝမ်းကျောင်းရိက္ခာဖူလုံစွာရပိုင်ခွင့်တို့ကို ထိခိုက်စေပါသည်။[၅] အရပ်ဘက်နှင့် စစ်ဘက် နှစ်ဘက်စလုံးရှိအာဏာပိုင်များက တစ်နိုင်ငံလုံးတွင် လူသားချင်းစာနာမှု အကူအညီပေးအပ်သည့်လုပ်ငန်းများအပေါ် ကန့်သတ်မှုများ ဆက်လက် ပြုလုပ်ထားပါသည်။

## လွတ်လပ်စွာထုတ်ဖော်ပြောခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်

အာဏာပိုင်များသည် လူ့အခွင့်အရေးကို ငြိမ်းချမ်းစွာ ကျင့်သုံးကြသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ မီဒီယာသမားများနှင့် လူ့အခွင့်အရေးကာကွယ်လှုပ်ရှားသူများအပါအဝင် လူအများကို ဆက်လက်ဖမ်းဆီး ထောင်ချနေဆဲဖြစ်သည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် ဝေဖန်သူများကို စစ်တပ်က ရာဇဝတ်မှုများဖြင့် ပစ်မှတ်ထား တရားစွဲဆိုမှုများ ပြုလုပ်ခဲ့သည်။ ဩဂုတ်လအတွင်းတွင် ရုပ်ရှင်ဒါရိုက်တာ မင်းထင်ကိုကိုကြီးကို ထောင်ဒဏ် တစ်နှစ်ချခဲ့သည်။ စစ်တပ်က နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေမှုကို ဆိုရှယ်မီဒီယာပေါ်မှ ဝေဖန်ခဲ့သည့်အတွက် ၄င်းအားဧပြီလအတွင်းက ဖမ်းဆီးတရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။[၆] ဧပြီလနှင့် မေလအတွင်းကလည်း စစ်တပ်ကို ဝေဖန်သည့် သရုပ်ဖော်တင်ဆက်မှုများကြောင့် လူငယ် ခုနှစ်ဦးကို ဖမ်းဆီး တရားစွဲဆိုခဲ့သည်။ ခြောက်ဦးမှာ ထောင်ဒဏ် တစ်နှစ်ခွဲမှ နှစ်နှစ်ခွဲအထိချမှတ်ခံခဲ့ရပြီး နှစ်ကုန်ချိန်အထိ ခုနှစ်ဦးစလုံးမှာ နောက်ထပ်စွဲချက်များနှင့်ဆက်လက် ရင်ဆိုင်နေရဆဲဖြစ်သည်။ ?

အာဏာပိုင်များသည် ၄င်းတို့အားဝေဖန်မှုများကို တိတ်ဆိတ်သွားစေရန်နှင့် လွတ်လပ်စွာပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးများကို ကန့်သတ်ရန် အဓိပ္ပါယ်ဖွင့်ဆိုချက်ကျယ်ပြန့်၍ စကားလုံးပြဋ္ဌာန်းချက်မတိကျသော ဥပဒေများကို အသုံးပြုခဲ့သည်။ယင်းဥပဒေများတွင် ဆက်သွယ်ရေးဥပဒေ၏ ပုဒ်မ ၆၆(ဃ)၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေမှ ပုဒ်မများပါဝင်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သည့် အစိုးရသည် ပါလီမန်အတွင်းတွင် လွှတ်တော်အမတ်နေရာအများစု ရထားသော်လည်း ယင်းကဲ့သို့ လူ့အခွင့်အရေးများကို ကန့်သတ်ထားသည့် ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ရန် ပျက်ကွက်ခဲ့ပါသည်။

မေလအတွင်းတွင် ရိုက်တာသတင်းထောက် ဝလုံးနှင့် ကျော်စိုးဦးတို့မှာ အကျဉ်းသားများကို လွတ်ငြိမ်းသက်သာခွင့်ပေးသည့် အစီအစဉ်တွင်ပါဝင်ပြီး ပြန်လည် လွတ်မြောက်လာကြသည်။[၈] ၄င်းတို့ နှစ်ဦးမှာ ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာများ အပေါ်ကျူးလွန်သည့် ရက်စက်မှုများအကြောင်း သတင်းရယူတင်ပြခဲ့သည့်အတွက် ထောင်ဒဏ် ခုနှစ်နှစ်စီ ချမှတ်ခံခဲ့ကြရခြင်း ဖြစ်သည်။ ၄င်းတို့နှစ်ဦးကို ပြန်လွှတ်ပေးခဲ့သော်လည်း သတင်းသမားများမှာ ၄င်းတို့အလုပ်နှင့် ပတ်သက်ပြီး ထင်သလို ဖမ်းဆီးအရေးယူ၊ တရားစွဲဆိုခံရ၊ အနှောက်အယှက်ပေးခံရမှုများနှင့် ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။

## အရေးယူခံရမှုမှ ကင်းလွတ်နေခြင်း

အပြည်ပြည်ဆိုင်ရာဥပဒေအရ ရာဇဝတ်မှုမြောက်သောလုပ်ရပ်များအပါအဝင် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဖိနှိပ်ရက်စက်မှုများအတွက် အရေးယူအပြစ်ပေးမခံရပဲ ကင်းလွတ်ခွင့်ရနေခြင်းများ ဆက်တွေ့နေရပါသည်။ အစိုးရက

နိုင်ငံတကာစုံစမ်းစစ်ဆေးရေးယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်ရန်ငြင်းဆိုထားသည်။ ရခိုင်ပြည်နယ်အတွင်းချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် အစိုးရက ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက ဖွဲ့စည်းပေးခဲ့သည့် လွတ်လပ်သောစုံစမ်းရေးကော်မရှင်မှာ အရည်အချင်းပြည့်ဝခြင်း၊ လွတ်လပ်မှုနှင့် ဘက်လိုက်မှု ကင်းစင်ခြင်းများမရှိပေ။ ကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာကို ဩဂုတ်လအတွင်းထုတ်ပြန်ရန်ရှိခဲ့သော်လည်း ၂၀၂၀ ဇန်နဝါရီလအထိ ရွှေ့ဆိုင်းခဲ့သည်။ ဖေဖော်ဝါရီလတွင် တပ်မတော်က ရခိုင်ပြည်နယ်အတွင်း ချိုးဖောက်မှုစွပ်စွဲချက်များကို လေ့လာစုံစမ်းရန် "စုံစမ်းရေးခုံရုံး" တစ်ခု ဖွဲ့စည်းခဲ့သည်။ စစ်တပ်၏ ကျူးလွန်မှုများကို စုံစမ်းစစ်ဆေးမည့် ယင်းခုံရုံးတွင် စစ်ဘက်အရာရှိများပါဝင်နေသည့်အတွက် လွတ်လပ်ခြင်းနှင့် ဘက်လိုက်မှုကင်းရှင်းခြင်းများ မရှိသည်မှာ ထင်ရှားပါသည်။ နိုင်ငံအတွင်းရှိ အခြားဒေသများတွင် ဆက်လက်ဖြစ်ပေါ်နေသည့် ချိုးဖောက်မှုများနှင့် ဖိနှိပ်ရက်စက်မှုများကို စုံစမ်းစစ်ဆေးခြင်းမှာ ရှားပါးလှပြီး ကျူးလွန်သည်ဟု သံသယရှိခံရသူများအား အရေးယူအပြစ်ပေးခြင်းမျိုးမှာလည်း ဖြစ်ခဲလှပါသည်။

ယင်းကဲ့သို့ မြန်မာနိုင်ငံအတွင်းတွင် တရားမျှတမှုမရှိသည့် ဖြစ်စဉ်များရှိနေသော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) သို့ တင်ပြတိုင်ကြားရန် ပျက်ကွက်ခဲ့ပါသည်။

## နိုင်ငံတကာ၏ စောင့်ကြည့်အကဲဖြတ်မှု

မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးအခြေအနေကို စောင့်ကြည့် အစီရင်ခံစာတင်သွင်းသူ ကုလသမဂ္ဂ၏အထူးကိုယ်စားလှယ်ကို မြန်မာနိုင်ငံက နှစ်နှစ်မြောက်ပြည်ဝင်ခွင့် ဆက်လက်ပိတ်ထားခဲ့သည်။ စက်တင်ဘာလတွင် ကုလသမဂ္ဂ၏ အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) က မြန်မာနိုင်ငံအတွင်းရှိ ဆိုးရွားပြီးဆက်လက်ဖြစ်ပွားနေသော ချိုးဖောက်မှုများအကြောင်း ၎င်း၏ အပြီးသတ်အစီရင်ခံစာကို တင်သွင်းခဲ့သည်။ ယင်းအစီရင်ခံစာနှင့် အချက်အလက်ရှာဖွေရေးအဖွဲ့က ပြီးခဲ့သည့်နှစ်အတွင်း တင်သွင်းခဲ့သည့် အခြားသောအစီရင်ခံစာများကို အစိုးရက အခြေအမြစ်မရှိ၊ အထောက်အထားမဲ့သည်ဆိုကာ ပယ်ချခဲ့သည်။

မေလတွင် ကုလသမဂ္ဂက ၂၀၁၁ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအတွင်း ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဌာနတွင်း ပြန်လည်သုံးသပ်မှုမှ တွေ့ရှိချက်များကို ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာတွင် ကုလသမဂ္ဂစနစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများတွင် "စနစ်ပိုင်းဆိုင်ရာ မှားယွင်းအားနည်းချက်များ" ရှိခဲ့ကြောင်း ကော်ချက်ချထားသည်။[၉] ယင်းအစီရင်ခံစာတွင် ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်းများတိုးတက်လာအောင် လုပ်ဆောင်ရမည့် အကြံပြုချက်အများအပြားပါဝင်သည်။ သို့သော် ယင်းအချက်များကို မည်ကဲ့သို့ အကောင်အထည်ဖော်နေကြောင်း အများပြည်သူသို့ ထုတ်ပြန်ချပြခြင်းမျိုး မရှိခဲ့ပါ။

နိုဝင်ဘာလတွင် အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (ICC) က မြန်မာနိုင်ငံမှ ရိုဟင်ဂျာများကို အဓမ္မနှင်ထုတ်ခဲ့ခြင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်နိမိတ်အတွင်းတွင် တစ်မျိုး သို့မဟုတ် ထို့ထက်ပို ဖြစ်ပွားခဲ့သော အခြားဆက်နွယ်နေသော ရာဇဝတ်မှုများနှင့် ပတ်သက်ပြီး တရားဝင်စုံစမ်းစစ်ဆေးမှုကို စတင်ခဲ့သည်။ ဇူလိုင်လနှင့် ဒီဇင်ဘာလများအတွင်းတွင် အမေရိကန်ပြည်ထောင်စုက မြန်မာစစ်တပ်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခြားစစ်အရာရှိ သုံးဦးတို့ကို ရိုဟင်ဂျာများအပေါ်ကျူးလွန်သောရာဇဝတ်မှုများနှင့် ပတ်သက်ပြီး ပိတ်ဆို့အရေးယူမှုများ ချမှတ်ခဲ့သည်။

ဆိုးရွားသောရာဇဝတ်မှုများနှင့်ပတ်သက်သော သက်သေအထောက်အထားများကို စုဆောင်းရန်နှင့် ထိန်းသိမ်းထားရန်၊ ရာဇဝတ်မှုဆိုင်ရာ စွဲချက်များတင်နိုင်ရန် အမှုအတွက်ပြင်ဆင်ရန် တာဝန်ပေးဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးသည့် ယန္တရားလုပ်ငန်းစဉ်မှာ စက်တင်ဘာလမှစ၍ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ နိုဝင်ဘာလတွင် ဂမ်ဘီယာအစိုးရက မြန်မာကို လူမျိုးတုန်းအောင်ပြုလုပ်မှု စွဲချက်ဖြင့် နိုင်ငံတကာတရားရုံး(ICJ) သို့စွဲချက်တင်တိုင်ကြားခဲ့သည်။ ဒီဇင်ဘာလက ပြုလုပ်ခဲ့သော ကြားဖြတ်အစီအမံများချမှတ်ပေးရေးအတွက် ကြားနာပွဲကို တက်ရောက်ခဲ့သည့်

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က မြန်မာသည်
လူမျိုးတုန်းသတ်ဖြတ်မှုကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်ခဲ့သည်ဆိုသော စွပ်စွဲချက်များကို ငြင်းဆိုသွားခဲ့သည်။

---

၁။ "No one can protect us": War crimes and other abuses in Myanmar's Rakhine State (ASA 16/0417/2019 29 May).

၂။ Myanmar: End internet shut down in Rakhine, Chin States (ASA 16/0604/2019, 25 June).

၃။ "Caught in the middle": Abuses against civilians amid conflict in Myanmar's northern Shan State (ASA 16/1142/2019, 24 October).

၄။ Myanmar: Civilians at risk in northern Shan State fighting (ASA 16/0975/2019, 3 September).

၅။ "Fleeing my whole life": Older people's experience of conflict and displacement in Myanmar (ASA 16/0446/2019, 18 June).

၆။ Filmmaker sentenced to one year in prison for Facebook post (news story, 29 August).

၇။ Satire performers who mocked military face prison in "appalling" conviction (news story, 30 October).

၈။ Genuine press freedom must follow release of Reuters journalists (news story, 7 May).

၉။ Joint open letter to the UN Secretary General on the inquiry into UN operations in Myanmar (ASA16/1003/2019, 5 September).